**အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့**
**သတင်း ထုတ်ပြန်ချက်**

**ကန့်သတ်။ ။ ၂၀၁၇ မေ ၁၆ ဗြိတိသျှ နွေရာသီ စံတော်ချိန် ဝ၀း၀၁ နာရီအထိ မထုတ်ပြန်ရန်**

# လူ့အခွင့်အရေး လှုပ်ရှားသူများအပေါ် တိုက်ခိုက်မှုများ ကမ္ဘာတဝန်းတွင် အရေးပေါ်အခြေအနေရောက်

- **လူ့အခွင့်အရေးကို ကာကွယ်နေသူများအား တိုက်ခိုက်မှုများ ဆက်တိုက် ဖြစ်ပွားနေခြင်းကို ရပ်တန့်ရန် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က 'ရဲဝံ့ရင်ဆိုင်' ဟူသည့် အပြည်ပြည်ဆိုင်ရာ လှုပ်ရှားမှုအသစ် တစ်ခုကို စတင်လိုက်သည်။**
- **လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူ ၂၈၁ ဦး ၂၀၁၆ ခုနှစ်တွင် အသက်ဆုံးခဲ့သည်။ ၂၀၁၅ ခုနှစ်က သေဆုံးခဲ့သည့် ၁၅၆ ဦး ထက် အရေအတွက် တိုးလာခြင်း ဖြစ်သည်။**
- **လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများသည် ဆိုးသွမ်းသူများအဖြစ် ပုံဖော်ပြောဆိုခံရခြင်း၊ အရပ်ဖက် အဖွဲ့အစည်းများအား ဖိနှိပ်ခံရခြင်းနှင့် စောင့်ကြည့်ထောက်လှမ်းခံရခြင်းများ၊ ယခင်မကြုံခဲ့ဘူးသည့် တိုက်ခိုက်မှုများကို ကမ္ဘာတဝန်းတွင် ရင်ဆိုင်နေရသည်။**

ကမ္ဘာတဝန်းမှ လူမှုအဖွဲ့အစည်းခေါင်းဆောင်များ၊ ရှေ့နေများ၊ သတင်းသမားများနှင့် အခြားသော လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများသည် ယခင်မကြုံဘူးသည့် ဖိနှိပ်၊ ခြိမ်းခြောက် အကြမ်းဖက်မှုများနှင့် ရင်ဆိုင်နေရကြသည် ဆိုသည့်အချက်ကို တရားမမျှတမှုကို ရင်ဆိုင်ဖြေရှင်းနေကြသည့် ယင်းကဲ့သို့ ရဲဝံ့သူများအား တိုက်ခိုက်နေမှုများကို ရပ်တန့်ရန် တောင်းဆိုသည့် ကမ္ဘာတဝန်းလှုပ်ရှားမှု အသစ်တစ်ခုကို စတင်လျက် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က သတိပေးလိုက်ပါသည်။

"လူ့အခွင့်အရေးကို ကာကွယ်ဖို့ ဆိုတဲ့ အခွင့်အရေးကိုပဲ အစိုးရတွေ၊ လက်နက်ကိုင်အဖွဲ့တွေ၊ စီးပွားရေး ကော်ပိုရေးရှင်းကြီးတွေနဲ့ တခြားအာဏာရှိသူတွေက အပြင်းအထန် တိုက်ခိုက်လာတာကို တွေ့နေရတာ ဖြစ်တယ်။ ဒီလို ကမ္ဘာတဝန်းတိုက်ခိုက်မှုတွေကို အဓိက ခံနေရသူတွေကလူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူတွေ ဖြစ်တယ်" လို့ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ အထွေထွေအတွင်းရေးမှူး ဆာလင်းလ်ရှက်တီက ပြောပါတယ်။

"သမ္မတပူတင်၊ သမ္မတ ရှီနဲ့ သမ္မတ အယ်လစီစီတို့က စပြီး ကမ္ဘာ့တိုက်ကြီးတိုင်းမှာ ရှိတဲ့ ခေါင်းဆောင်တွေက လွတ်လပ်၊ တရားမျှတပြီး ညီမျှတဲ့ လူ့အဖွဲ့အစည်းတစ်ခု ဖြစ်လာဖို့ လိုအပ်တဲ့ အခြေခံအုတ်မြစ်တွေကို တိုးတိုးပြီး ဖြိုဖျက်လာနေပါတယ်။ လူ့အခွင့်အရေး ကာကွယ် လှုပ်ရှားသူတွေရဲ့ ဆန္ဒထုတ်ဖော်ခွင့်ကို ပိတ်ပင်တာ၊ သူတို့ကို စောင့်ကြည့်ထောက်လှမ်းတာ၊ သူတို့နဲ့ သူတို့ရဲ့ အသိုင်းအဝန်းကို ပစ်မှတ်ထားပြီး နှောက်ယှက်၊ ခြိမ်းခြောက်တိုက်ခိုက်

တာတွေလုပ်ပြီး အစိုးရတွေက ကျွန်တော်တို့ရဲ့ အခွင့်အရေးတွေအတိုက် တိုက်ပွဲဝင်ပေးနေသူတွေ လုပ်ခွင့်မရအောင် ပိတ်ဆို့တားဆီးနေပါတယ်။"

လှုပ်ရှားမှု အသစ်စတင်လိုက်ခြင်းနဲ့အတူ ဒီကနေ့ ထုတ်ပြန်လိုက်သော '*ခြိမ်းခြောက်ခံနေရတဲ့ လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများ - အရပ်ဖက်အဖွဲ့အစည်းအတွက် နေရာကျဉ်းမြောင်းလာမှု*' ဆိုသည့် အစီရင်ခံစာအသစ်တွင် အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က လူ့အခွင့်အရေးကို ကာကွယ်နေသူများ ရင်ဆိုင်လာနေရသော မကြုံစဖူး အန္တရာယ်များ အကြောင်း အသေးစိတ်ဖော်ပြထားပါသည်။ လူ့အခွင့်အရေး ကာကွယ်ရန် ကြိုးပမ်းခြင်းသည် အသက်အန္တရာယ်နှင့် နီးစပ်သော အလုပ်ဖြစ်လာပါသည်။ ၂၀၁၆ ခုနှစ်တွင် ကမ္ဘာတဝန်း လူ့အခွင့်အရေးကို ကာကွယ်သော လူပေါင်း ၂၈၁ ယောက်အသက်ဆုံးခဲ့သည်။ ၂၀၁၅ ခုနှစ်က ၁၅၆ ဦး သေဆုံးခဲ့ခြင်းထက် အရေအတွက် ပိုများလာခြင်း ဖြစ်သည်ဟု ရှေ့တန်းမှကာကွယ်နေသူများ (Front Line Defenders) ဆိုသော အစိုးရနှင့် မသက်ဆိုင်သည့်အဖွဲ့၏ အထောက်အထားများအရ သိရသည်။

"လူ့အခွင့်အရေးတွေကို ဖျက်ဆီးချေမှုန်းချင်တဲ့ အာဏာရှင်ခေါင်းဆောင်တွေက သူတို့သာလျှင် ကျွန်တော်တို့ အကျိုးစီးပွားကို ဖော်ဆောင်ပေးလိုစိတ်ရှိတယ်လို့ ကျွန်တော်တို့ကို ယုံကြည်စေချင်ကြတယ်။ ဒါပေမယ့် တကယ်တမ်းက သူတို့မှာ အဲဒီလို ဆန္ဒမရှိပါဘူး။ အမှန်ကတော့ ကျွန်တော်တို့ရဲ့ လူ့အခွင့်အရေးတွေကို ကာကွယ်ပေးနေကြသူတွေ၊ ကျွန်တော်တို့အတွက် ရပ်ခံ ဆောင်ရွက်ပေးနေသူတွေသာ အဲဒီလို လုပ်ရဲတဲ့အတွက်ဆိုပြီး ဖိနှိပ်မှုတွေနဲ့ ရင်ဆိုင်နေရတာပါ။ အခု ၂၀၁၇ ခုနှစ်အရောက်မှာ အစိုးရတွေရဲ့ ဖိနှိပ်ချုပ်ခြယ်မှုတွေကြောင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူတွေရဲ့ အနေအထားက စိုးရိမ်စရာ အခြေအနေကို ရောက်နေပါပြီ။" ဟု ဆာလင်းလ်ရှက်တီက ဆိုပါသည်။

## လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူတွေကို နှိမ်နင်းရာမှာ အသုံးပြုတဲ့ နည်းလမ်းတွေ တိုးပွားလာနေ

စောင့်ကြည့်ထောက်လှမ်းခြင်း၊ နည်းပညာအသစ်များ အသုံးပြုခြင်း၊ ဥပဒေများကို ထင်သလိုအသုံးပြုခြင်းနှင့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်မှုများအား ဖြိုခွင်းခြင်းများကို စုပေါင်းအသုံးပြုခြင်းဖြင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများအတွက် မကြုံဖူးအောင် အန္တရာယ်များ ရှိလာစေသည်ဟု အစီရင်ခံစာက သတိပေးထားပါသည်။

အသုံးများလာနေသော နည်းလမ်းများတွင် အွန်လိုင်း အပါအဝင် နည်းပညာသစ်များကို အသုံးပြု၍ ပစ်မှတ်ထား စောင့်ကြည့်ခြင်းဖြင့် တက်ကြွလှုပ်ရှားသူများကို ခြိမ်းခြောက်ကာ အသံတိတ်သွားအောင် ပြုလုပ်ခြင်းလည်း ပါဝင်သည်။

ပြည်ပသို့ ထွက်ပြေးတိမ်းရှောင်နေရသော ဘာရိန်းနိုင်ငံမှ လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများကို ၎င်းတို့၏ အစိုးရမှ spyware အွန်လိုင်း ထောက်လှမ်းရေးအပ်ပ်များ သုံး၍ ခြေရာခံခြင်း၊ အစိုးရများကလည်း လူတစ်ဦးချင်းစီ အချင်းချင်း အွန်လိုင်းမှ ဆက်သွယ်ပြောဆိုမှုများကို ဖော်ထုတ်ရန် ဝှက်စာကီးများကို ထုတ်ပြန်ပေးရန် ဖြစ်လာနိုင်သည့်

အကျိုးဆက်များကို မစဉ်းစားပဲ ကုမ္ပဏီများကို ညွှန်ကြားခြင်းများ ပြုလုပ်လာကြသည်။ ယူကေတွင်လည်း ရဲတပ်ဖွဲ့က သတင်းသမားများကို ၎င်းတို့၏ သတင်းရင်းမြစ်များကို ဖော်ထုတ်ရန်အတွက် စောင့်ကြည့် ထောက်လှမ်းကြသည်။

မက္ကဆီကို နှင့် ရုရှားတို့တွင် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများနှင့် သတင်းသမားများကို သိက္ခာချ နာမည်ဖျက်ရန်နှင့် ထိတ်လန့် ကြောက်ရွံ့သွားစေရန် မမှန်သတင်းများကို စုစည်းဖြန့်ချိသည့် လှုပ်ရှားမှုများ တိုး၍ပြုလုပ်လာနေသည်။

ဤဖိနှိပ်မှု ပုံစံအသစ်များမှာ ယခင်ရှိနှင့်ပြီးသား ခြိမ်းခြောက်သတ်ဖြတ်မှု၊ အစဖျောက်မှု၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ခြင်းကို ဖြိုခွဲမှု၊ ရာဇဝတ်မှုအပါအဝင် အမျိုးမျိုးသော ဥပဒေများကို အလွဲသုံးပြီး လူ့အခွင့်အရေး ကာကွယ်လှုပ်ရှား သူများကို အရေးယူမှု အစရှိသော အန္တရာယ်ပေးနိုင်သည့် ဖိနှိပ်မှု လက်နက်များအပေါ်တွင် ထပ်ဆင့် သုံးလာခြင်း ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လေ့လာချက်အရ ၂၀၁၆ ခုနှစ်တွင် -

- လူ့အခွင့်အရေးအတွက် ငြိမ်းချမ်းစွာ တောင်းဆိုမှုဖြင့် အသတ်ခံရမှုများ အနည်းဆုံး နိုင်ငံ ၂၂ နိုင်ငံတွင် တွေ့ခဲ့ရသည်။
- လူ့အခွင့်အရေးကာကွယ်သူများအား သိက္ခာချ နာမည်ဖျက်သည့် လှုပ်ရှားမှုများ နိုင်ငံ ၆၃ နိုင်ငံတွင် တွေ့ခဲ့ရသည်။
- ငြိမ်းချမ်းစွာ လှုပ်ရှားတောင်းဆိုရုံဖြင့် ဖမ်းဆီးထိမ်းခံရမှုများ နိုင်ငံ ၆၈ နိုင်ငံတွင် တွေ့ခဲ့ရသည်။
- ခြိမ်းခြောက်တိုက်ခိုက်ခံရမှု ၉၄ နိုင်ငံတွင် တွေ့ခဲ့ရသည်။

"အစိုးရတွေဟာ လူ့အခွင့်အရေးကာကွယ်သူတွေကို တိုက်ရိုက်တိုက်ခိုက် ခြိမ်းခြောက်တာတွေ မလုပ်ရင်တောင် အဲဒီလူတွေကို အကြမ်းဖက်သမားတွေ၊ နိုင်ငံခြား သူလျှိုတွေဆိုတဲ့ အမြင်မျိုး ဖြစ်ပေါ်အောင် ပုံဖော်ပြောဆိုပြီး ရန်လိုတဲ့ သဘောထားမျိုးတွေ ဖြစ်လာစေအောင် ဖန်တီးကြပါတယ်။ လူ့အခွင့်အရေးကာကွယ်သူတွေဟာ သူတို့ ပြောသလို လူတွေ လုံးဝ မဟုတ်ကြပါဘူး" ဟု ဆာလင်းလ်ရှက်တီက ဆိုသည်။

"အခုမေးရမယ့် မေးခွန်းက ကျွန်တော်တို့ ဒီအတိုင်းရပ်ကြည့်ပြီး လွတ်လပ်ပြီး တရားမျှတတဲ့ လူ့အဖွဲ့အစည်း ဖြစ်လာစေဖို့ နောက်ဆုံးခံတပ်လို့ ပြောနိုင်တဲ့ လူ့အခွင့်အရေးကာကွယ်သူတွေကို အစိုးရတွေက အစဖျောက်ဖို့ ကြိုးစားနေတာတွေကို ဆက်အဖြစ်ခံမှာလား။ ဒါမှ မဟုတ် ကျွန်တော်တို့လည်း စုပေါင်းရပ်တည်ပြီး အဲဒီလို မလုပ်နိုင်အောင်ကြိုးစားကြမှာလား။"

**"ရဲဝံ့သူများကို ကာကွယ်ပေးရေး" ကမ္ဘာတဝန်းလှုပ်ရှားမှု အသစ်တစ်ခု အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့စတင်**

လူ့အခွင့်အရေး ကာကွယ်သူများ ရင်ဆိုင်လာနေရသော ယခင်ကနှင့် မတူသည့် အန္တရာယ်များကို သတိပြုမိပြီး အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က 'ရဲဝံ့ရင်ဆိုင်' ဟူသည့် အပြည်ပြည်ဆိုင်ရာလှုပ်ရှားမှု အသစ်တစ်ခုကို ယနေ့ စတင်လိုက်ပြီး လူသားအားလုံး၏ မွေးရာပါဂုဏ်သိက္ခာနှင့် တန်းတူ အခွင့်အရေးများ အတွက် လှုပ်ရှားဆောင်ရွက်နေသူများ၏ တရားဝင်လုပ်ငန်းများကို အသိအမှတ်ပြုရန်နှင့် ၎င်းတို့၏ လွတ်လပ်မှုနှင့် ဘေးအန္တရာယ်လုံခြုံရေးကို အာမခံပေးရန် အစိုးရများကို တိုက်တွန်းတောင်းဆိုလိုက်သည်။

ကုလသမဂ္ဂ၏ ၁၉၉၈ခုနှစ် လူ့အခွင့်အရေးကာကွယ်သူများ ဆိုင်ရာ ကြေညာစာတမ်းပါ အချက်များကို လိုက်နာရန် ကတိပြုထားသည့် နိုင်ငံများက ယင်းကတိကဝတ်များကို အကောင်အထည်ဖော်ရန်လည်း အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့က တောင်းဆိုသည်။ ယင်းကြေညာစာတမ်းတွင် လူ့အခွင့်အရေးကို ကာကွယ်နေသူများ၏ အရေးပါသော ကဏ္ဍကို အသိအမှတ်ပြုရန်နှင့် ၎င်းတို့အား အကာအကွယ်ပေးရန် ထိရောက်သော အစီအစဉ်များ ချမှတ်ထားရန် နိုင်ငံများအား တိုက်တွန်းထားသည်။

ယခု ကမ္ဘာတဝန်း လှုပ်ရှားမှုတွင် လူ့အခွင့်အရေးအတွက် လှုပ်ရှားဆောင်ရွက်ရင်း အန္တရာယ်နှင့် အနီးဆုံးရင်ဆိုင်နေရသူများ၏ ဖြစ်ရပ်များကို မီးမောင်းထိုးဖော်ပြပြီး အစိုးရများနှင့် အာဏာရှိသူများ အဆုံးအဖြတ်ပြုနိုင်သူများကို ဥပဒေဆိုင်ရာ မူဘောင်များ အားကောင်းလာအောင် လုပ်ဆောင်ရန် ဖိအားပေး တိုက်တွန်းသွားမည်။ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့သည် လှုပ်ရှားတက်ကြွသူများကို တိုက်ခိုက်မှုများကိုလည်း ဆက်လက် စုံစမ်းဖော်ထုတ်ပြီး ဒေသခံအဖွဲ့အစည်းများ၊ လှုံ့ဆော်လှုပ်ရှားသူများနှင့် လက်တွဲပြီး လူထုလှုပ်ရှားမှုများ ဖြစ်ပေါ်လာအောင် ဆောင်ရွက်သွားမည်။

"ဖရက်ဒရစ် ဒေါက်ဂလပ်၊ အင်မီလီ ပင့်ဟာ့စ်၊ ရိုဆာပဲ့က်စ်၊ ဘီ အာ အမ်ဘက်ကာ တို့ကနေ နယ်လဆင်မန်ဒဲလားအထိ ရှိနေတဲ့ အခြေအနေကို လက်မခံပဲ အမှန်တရားအတွက် ရပ်တည်တိုက်ပွဲဝင်သွားခဲ့ကြတဲ့ သာမန်လူတွေရဲ့ ဇာတ်လမ်းတွေ သမိုင်းမှာ အပြည့်ရှိခဲ့ပါတယ်။"ဟု ဆာလင်းလ်ရှက်တီက ပြောပါသည်။

"ရဲဝံ့တဲ့ စိတ်ဓာတ်တွေက ဒီကနေ့အထိလည်း ရှင်သန်နေဆဲပါ။ မာလာလာ ယူဆွတ်ဇိုင်း ပဲဖြစ်ဖြစ် ချယ်ဆီးမန်းနင်းပဲ ဖြစ်ဖြစ် ကျွန်တော်တို့အတွက် အန္တရာယ်ကြီးတွေကို ရင်ဆိုင်ပေးနေသူတွေ ဒီကနေ့မှာလည်း တွေ့နေရဆဲပါပဲ။"

"သူတို့ရဲ့ သတ္တိမျိုးတွေသာ မရှိခဲ့ရင် ကျွန်တော်တို့ ကမ္ဘာကြီးဟာ မျှတမှုနည်းမယ်၊ တရားမျှတမှု လျော့မယ်၊ တန်းတူညီမျှမှု နည်းသွားမှာပါ။ ဒါကြောင့်ပဲ ဒီကနေ့မှာ ကျွန်တော်တို့က ကမ္ဘာ့ခေါင်းဆောင်တွေတင် မကပါဘူး၊ လူတိုင်းကို တိုက်တွန်းနေတာပါ၊ လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်သူတွေနဲ့အတူ ရပ်တည်ပြီး ရဲဝံ့သူတွေကို အကာအကွယ်ပေးကြပါစို့။"

### ပြီး ###

**အယ်ဒီတာများအတွက်၊**
အစီရင်ခံစာကို ဖတ်ရှုပြီး ရဲဝံ့ရင်ဆိုင် လှုပ်ရှားမှုအကြောင်းပိုသိလိုလျှင်၊ အန္တရာယ်နှင့်
ရင်ဆိုင်နေရသူများအကြောင်း သိလိုလျှင် ဤနေရာတွင်ကြည့်ပါ။visit here

အများသိရှိရန် ထုတ်ပြန်ချက်
***************************************
နောက်ထပ်သိလိုသော အချက်များရှိပါက အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့၏ လန်ဒန်ရှိ
ပြန်ကြားရေးရုံးသို့ ဆက်သွယ်ပါရန်
တယ်လီဖုံး - ၀၀ ၄၄ ၂၀၇ ၄၁၃ ၅၅၆၆
အီးမေးလ် - press@amnesty.org
တွစ်တာ - @amnestypress
အပြည်ပြည်ဆိုင်ရာအတွင်းရေးမှူးရုံး၊
အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့။
1 Easton St., London WC1X 0DW, UK